# ဘုန်းကြီးသင်္ကန်းကြွက်ကိုက်ခြင်း

(ဗုဒ္ဓဂင်ပုံပြင်ကိုမှတ်သားထား သ၍တင်ပြထားသည်။)

တခါသောအခါ၌... ရဟန်းကြီးတပါးနှင့်နိဗ္ဗာန်တရားထူးကို ရှာမှီးလိုသောတပည့်စာသင်ရဟန်းပျိုတပါးသည် တောရဆောက်တည်ရန်အလို့ငှာ ခရီးထွက်ခဲ့လေသည်။ ရဟန်းကြီးသည် တောထွက်ရဟန်းပျို တရားထူးကျင့်ကြံစဉ် ဆွမ်းကွမ်းပရိကယာလွယ်ကူစေရန် ရွာနှင့်မနီးမဝေး တောမြိုင်တခု၌ တောရကျောင်းတဆောင်ဆောက်စေလျှက် သီတင်းသုံးတော်မူခိုင်းလေ၏။

ရဟန်းကြီးလည်းနှစ်များမကြာမှီရဟန်းပျိုအား တရားတိုးတက်မှုတို့ကိုသူလာ ၍စစ်ကြောမည်ဟုမိန့်ကြားကာ သူသီတင်းသုံးရာအရပ်သို ပြန်ကြွလေ ၏။

ရွာသူရွာသားတို့ သည်လည်းထိုရဟန်းပျို အား လိုအပ်သမျှကိုဖြည့်တင်းပေလျှက် လွန်စွာပင်ကြည်ညိုကိုးကွယ် လာကြ၏။

တနှစ်သော်ထိုရဟန်းပျိုမှီတင်းနေထိုင်သော်တောအရပ် ၌ ကြွက်တို့သည် အင်မတန်တိုးပွားမင်းမူလာလေ ၏။ အဲဒီကြွက်တို့ သည် သစ်ကြီးဂါးကြီးများကိုကိုက်ဖြတ်ဖျက်ဆီးယုံသာမက တောထွက်ကိုယ်တော်၏ သင်္ကန်းများ ကို ပင် အလွတ်မပေးကိုက်ဖောက်ဖျက်ဆီးခြင်းများပြုလုပ်လာကြသဖြင့် ကိုယ်တော်ခမျာ တရားကျင့်ကြံရန် များစွာပင်အတိဒုက္ခရောက်ရလေသည်။

ပျက်စီးသွားသောသင်္ကန်းများအတွက်အစားထိုးရန်အလို့ ငှာ
ရွာမှပင်အလှူခံရလေသည်။ အလှူခံရသမျှသော သင်္ကန်းတို့
ကိုလည်းကြွက်တို့ သည် တဖန်ကိုက်ဖြတ်ဖျက်ဆီးပြန်လေ ၏။

သင်္ကန်းအလှူခံများလာသော်အခါ ရွာသားတို့သည် ရဟန်းပျိုအား
အဘယ်ကြောင့်သင်္ကန်းများစွာကို
အလှူခံနေရသနည်းမေးခွန်းထုတ်လာသော် ကြွက်တို့၏ဖျက်ဆီးမှု့
ကြောင့်ဟုကိုယ်တော်ကပြန်လည် ပြောကြားသော်... ။

ကိုယ်တော်ရယ်..ဒါလေးများ ကြောင်တကောင်မွေးပေါ့ဘုရား ၊
ဟုဆိုကာ ကြောင်တကောင်အား လှူလိုက်လေသည်။

ထိုကြောင်သည် တောရကျောင်းသို့ ရောက်သည့်နေ့ မှစရွေ့
ကျူးကြော်သူကြွက်တို့ ကိုပြင်းထန်စွာနှိမ်နင်း
နှိပ်ကွက်လိုက်ရာကံကောင်းထောက်မ၍ အသက်ခန္ဓာဒိုးစား
မကွဲသေးသောကြွက်တို့သည်ဝေးရာသို့ ပြေးလေ ၏။။

ထိုကြောင်ကြောင့် ရဟန်းပျိုသည်
သင်္ကန်းအလှူခံရခြင်းမှကင်းလွတ်ကာ အေးငြိမ်းစွာ တရားပြန်လည်
အားထုတ်လာ နိုင်ခဲ့သည်။ ကြွက်တို့
ရန်မှကင်းဝေးသော်ငြားရဟန်းပျိုသည် ကြောင်သူရဲကောင်းအား
သံယောဇဉ်တွယ်ကာ ကျောင်း ၌ပင်ထားလိုက်တော့သည်။

ထိုကြောင်သည် နွားနို့ အလွန်ကြိုက်သော ကြောင်ဖြစ်သဖြင့်
ထိုရဟန်းသည် ကြောင်အတွက်အလို့ငှာ နေ့ စဉ် နွားနို့ကို
အလှူခံရပြန်လေသည်။ ထိုသို့အလှူခံဖန်များလာသည်ကို
သတိပြုမိသော် ..

ရွာသားတဦးက ကိုယ်တော် နေ့တိုင်း နို့ဆွမ်း
ဘာကြောင့်အလှူခံသနည်းဟုမေးခွန်းထုတ်လာသော်.....

မိမိ၏ ပါရမီဖြည့်ဖက် ကြောင်အတွက်ဟုရဟန်းခများ
ပြန်လည်ဖြေကြားရလေပြန်၏။

ကိုယ်တော်ရယ်...ဒါလေးများ..နွားမတကောင်မွေးပေါ့ဘုရား၊
ဟုပြောပြောဆိုဆိုနှင့်ထိုရွာသားသည် ရဟန်းပျိုအားနို
့စားနွားမတကောင်လှူလိုက်လေပြန်၏။

ကြောင်၏ နွားနို့ ပြဿနာသည် ဤတွင်ပြီး၏။ နွားမအတွက်
မြက်ထုံး၊ကောက်ရိုးထုံးတို့ကိုမူ အလှူခံရ ပြန်လေ၏။

အလှူခံဖန်များလာသော် ရွာသားတဦးသည် ကိုယ်တော်နယ်..
ကောက်ရိုးမြက်ထုံးတို့ကို အလှုခံစား လာချည်ရောဟု
စောကြောတက်မေးခွန်းထုတ်ပြန်သော်ကျောင်းမှနွားမအတွက်
ဟုဖြေရလေပြန်သည်။

သဒ္ဒါထက်သန်လွန်းသောဒကာရွာသားသည်.. ကိုယ်တော်နယ်...
ဒါလေးများ.. လယ်တကွက်လှူပါ့မယ်ဘုရား
ဟုဆိုကာရဟန်းပျိုကျောင်းနှင့်မနီးမဝေးသူ့ လယ်တကွက်အားလှူ
လိုက်လေပြန်သည်။

သုံးနှစ်ခန့်ကြာသော် ရဟန်းကြီးသည် သူ၏ သားတပည့်ရဟန်းပျို
မည်မျှတရားစခန်းပေါက်မြောက်နေသနည်း
အကဲခတ်ရန်ပြန်လာလေ၏။

သူသတ်မှတ်ပေးထားခဲ့သော်ကျောင်းသင်္ကန်းနေရာသို့ ရောက်သော် ကလေးငိုသံ၊ကျွဲနွားကြက်ဂဏ်အသံများ ကိုကြားရွေ့ အင်မတန်ပင် အံ့အားသင့်သွားလေ၏။

ကလေးငယ်ကိုနို့တိုက်နေသော မာတုကာမလေးအား ရဟန်းပျို၏ အမည်ကိုမေးလေသော် ..

တပည့်တော်မခင်ပွန်းပါဘုရား၊...လယ်ထွန်သွားပါတယ်ဘုရား။...ပြ န်လာတော့မှာပါဘုရားဟု.. လျှောက်သော်

ရဟန်းကြီးလည်း အံ့အားသင့်လျက် စောင့်တော်မူလေ၏။

ခဏသော် ...လယ်ထွန်သွားယောကျ်ားသည်ပြန်လာပြီး ရဟန်းကြီးကို တွေ့သော် မြေ၌ ပြားပြားဂတ်ကာ ဦးချလေတော့သည်။

ရဟန်းကြီးကလည်း မည်သို့ ဖြစ်ရွေ့ တရားလမ်းပျောက်ကာ လောကီဘုံ၌ နစ်လေသနည်းမေးသော် ၊...

တပည့်တော်သင်္ကန်းကြွက်ကိုက်လို့ ပါဘုရား ဟုအစချီကာဖြစ်ကြောင်းကုန်စင်လျှောက်ပါလေတော့သတည်း။